# ပြီးပြည့်စုံသော ကုရ်အံနှင့် ဂိုဏ်းဂဏများဝါဒ

## ကုရ်အံမိတ်ဆက်

တုန်ရှိုင်းမဲ့ ကိုးကွယ်ရာ အရှင်က ကမ္ဘာ့လူသား တစ်ရပ်လုံးအတွက် ဘဝတည်ဆောက်မှု လမ်းစဉ် နိယာမ အဖြစ် ဤကုရ်အံကို ချမှတ်ပေးခဲ့ခြင်း ဖြစ်ပေသည်။ ထိုကုရ်အံအား ချမှတ်ပေးခြင်းခံရသော မုဟမ္မဒ်က ကုရ်အံပါ အခြေခံမူဝါဒအတိုင်းသာ ကျင့်ကြံနေထိုင်ခဲ့သည်။ ပြုမူဆက်ဆံခဲ့သည်။ လူသားအပေါင်းတို့အတွက် နမူနာယူ လိုက်နာနိုင်ရန် ကုရ်အံ ဥပဒေ ပညတ်အတိုင်း လက်တွေ့ ပြုမူ၊ နေထိုင်၊ ပြောဆို၊ ဆက်ဆံ၊ ကျင့်သုံး ပြသခဲ့ပေသည်။ ကုရ်အံ ကျမ်းတော်ပါ အခြေခံမူဝါဒနှင့် ဆန့်ကျင်၍၊ ဝိရောဓိဖြစ်၍၊ ဥပါယ်တမည်ပြု၍ ပြောဆို ပြုမူ နေထိုင် ကျင့်ကြံ လုပ်ဆောင် ပိုင်ခွင့် မရှိပေ။ ကုရ်အံတွင် မြင်တွေ့ရသည့် ဥပဒေ ပညတ် သွန်သင်ချက်များသည် သာလျှင် မုဟမ္မဒ်ထံသို့ ဝဟီ (ဥာဏ်စဉ်)ဖြင့် ချမှတ်ပေးသော၊ တိကျပြတ်သားသည့် ရှင်းလင်းလွယ်ကူသည့် လမ်းညွှန်ချက် စစ်စစ် ဖြစ်ပေသည်။ ထို့ကြောင့် ကုရ်အံပါ ဥပဒေ ပညတ်များသည် ရွတ်ဖတ်ရာတွင်လည်းကောင်း၊ နားလည် သဘောပေါက်ရန် လွယ်ကူစေရာတွင် လည်းကောင်း၊ လိုက်နာကျင့်သုံး ရသည်တွင်လည်းကောင်း လွယ်ကူ ချောမွေ့မှု အပြည့် ရှိပေသည်။

လူသားသဘာဝနှင့် ဆန့်ကျင်သော။ လူသားများ နားလည် သဘောပေါက်ရန် ခက်ခဲသော၊ ဥပဒေ ပညတ်များဟူ၍ အလျဉ်း ပါဝင်ခြင်း မရှိချေ။ ကုရ်အံကျမ်းတော်၏ ပြည့်စုံကြောင်းကို လူသားတို့၏ နေ့တဓူဝ အထိအတွေ့များမှ ဥပမာ ဆွဲထုတ်ပြရလျှင်–

## စားသောက်မှုဆိုင်ရာ ဥပဒေများမှ ဥပမာ တစ်ချို့

ကုရ်အံပါ ဥပဒေများအနက်။ အစားအသောက် ဆိုင်ရာ ဥပဒေသကိုပင် ကြည့်ပါ–

“ကောင်းမြတ်သန့်ရှင်းသော အစားအစာများအားလုံးနှင့် လူသားတစ်ရပ်လုံး အတွက် အကျိုးရှိမည့် လုပ်ဆောင်မှု အားလုံးကို ခွင့်ပြုထားပေသည်၊” အလားတူပင်– လူသားတို့အတွက် ဘေးဥပါဒ်ဖြစ်စေမည့် အစာအဟာရများ အားလုံးနှင့်၊ လူသားတစ်ရပ်လုံးအတွက် ထိခိုက် နစ်နာစေမည့် မကောင်းမှု ဟူသမျှကို လုပ်ဆောင်၊ ကြံစည်ခွင့် မပြုရန် တားမြစ်ထားရာ၌– ချွင်းချက် မရှိစေရန်အတွက် အမည်နာမများကို သီးသန့် ဖော်ပြထားခြင်း မရှိဘဲ– တားမြစ်ထားခြင်း ဖြစ်ပေသည်။

ကုရ်အံ၏ တိကျပြည့်စုံစေသော နည်းဖြင့် ဖော်ပြမှုပုံစံမှာ မည်သို့မှ စောဒက ဝင်၍ မရသောနည်း ဖြစ်သည်– အကယ်၍ စားသုံးပိုင်ခွင့် ရှိလေသမျှသော တိရစ္ဆာန်များ၏ အမည်များကို တစ်ခုချင်း ဖော်ပြနေပါက– အစားအသောက် တစ်ခုတည်းနှင့်ပင် စာမျက်နှာ ပေါင်းများစွာ ဖြစ်နေမည်ဖြစ်၍၊ အခြားသော ဥပဒေ ပေါင်းများစွာကိုလား အလားတူ တင်ပြနေပါက လူတစ်ဦးအတွက် တစ်ဘဝလုံးတွင် စာဖတ်ရင်းသာ အချိန်ကုန်သွားမည်ဖြစ်၍ လက်တွေ့ ကျင့်ကြံနေထိုင်နိုင်ရန် အချိန်ရလိုက်တော့မည် မဟုတ်ချေ။ စကြဝဠာအပေါင်းအား ပြဋ္ဌာန်းသော အရှင်သည် စကြာဝဠာအတွင် ဖြစ်တည်လာသော မျိုးစိတ်များ၏ မူလ ဇစ်မြစ်ကို သိပြီးသား ဖြစ်နေသည့် အလျောက် လူသားတို့အား ပြဋ္ဌာန်းပေးရာ၌လည်း အလွယ်တကူ လျှပ်တပြက်ဖြင့် နား လည်နိုင်စေရန် မျိုးစိတ်၏ ဂုဏ်ရည်တူ၊ ဖြစ်တည်လာသည့် ဆဲလ် သဘာဝတူမျိုးစိတ်တစ်ခု၏ အမည်အုပ်စုဖြင့် ဖော်ပြပေးထားပေသည်။ ခွာကွဲ စားမြုံ့ပြန်– မြက်စား (အသားမစားသည့်) တိရိစ္ဆာန်မျိုးနွယ်ဖြစ်သည့်၊ သမင်၊ ဒရယ်၊ ချေ၊ ငယ်၊ စိုင်၊ ဆတ် တို့အား စားသုံး ပိုင်ကြောင်းကို ၎င်းတို့ဖြင့် မျိုးစိတ်တူ ကျွဲ နွား ဆိတ် သိုး စသည့် လူသားတို့ ပတ်ဝန်းကျင်၌ အလွယ်တကူ တွေ့မြင် သိကျွမ်း ပြီးသား မျိုးစိတ်တူ တိရိစ္ဆာန်များကို ဖော်ပြ၍ ပြဋ္ဌာန်းပေးထားပေသည်၊ (၆း ၁၄၂)။

အလားတူပင် ကြက်၊ ကြောင်၊ ကျား၊ ခွေး၊ ဝံ၊ သစ်၊ ခြင်္သေ့ စသည့် ခွာကွဲ စားမြုံ့မပြန်သော သားစား တိရိစ္ဆာန် အစုံစား တိရိစ္ဆာန်များကို တားမြစ်ရာ၌လည်း– လူသားတို့ အလွယ်တကူ မြင်တွေ့နိုင်သည့် အနက်မှ ၎င်းတို့၏ မျိုးစိတ်တူ ဝက် တိရိစ္ဆာန်အား တားမြစ်ခြင်းဖြင့် အုပ်စုခွဲ တားမြစ်ပေးလိုက်ခြင်း ဖြစ်ပေသည်၊ (၂း၁၇၃)။

ထိုသို့တားမြစ်ခြင်း၊ ခွင့်ပြုခြင်းတို့၌ ဥပဒေ တစ်ခုနှင့် တစ်ခုမှာ လူသားတို့ နားလည်ရ လွယ်ကူစေရန် သွေး ကိုလည်း တားမြစ် ထားပေသည် (၅း၃)။ သွေးကို ကျမ်းတော်က **"မိဟာဒန်"** စီးဆင်းသော သွေး၊ သွေးပြန်ကြောမှ ပန်းထွက်သော သွေး ဟု ဖြစ်၍၊ တဆက်တည်းတွင် စားသုံးပိုင်ခွင့် ရှိသော တိရိစ္ဆာန်များကို တုန္နိုင်းမဲ့ အရှင်၏ နာမတော်ကို တိုင်တည်လျှက် ထို သွေးကြောအား လှီးဖြတ်ရမည်ဟု ဆိုထားပေသည်။ ထိုအသုံးအနှုန်းကို "ဇဗီဟာဟ်" ဟု သုံး၍၊ သတ္တဝါတို့ လျှပ်တပြက် အတွင်း ခံစားမှု အာရုံမဲ့သွားမည့်နေရာ (လည်ပင်း)ကြောအား လှီးဖြတ် ရမည် ဖြစ်သည်။ သွေးပြန်ကြောမှ သွေးများထွက်ရန် တခေါက် ကြောအား ဖြတ်ခြင်းဖြင့်လည်းကောင်း၊ နံရိုးကြားသို့ ဓါး၊ ဒုတ်၊ အချွန်နှင့် ထိုးခြင်းဖြင့်လည်းကောင်း မပြုလုပ်ရန် "ဇဗီဟာဟ်" ဆိုသည့် ဝေါဟာရကို သုံးထားခြင်း ဖြစ်ပေသည်။ လူသား၏ သဘာဝသည် လောကနိယာမ အထဲ၌ တည်မှီ နေရသည်ဖြစ်၍ အသက် သတ်ရခြင်းနှင့် မကင်းသည့်အတွက် မိမိတို့လူသားများ အသက်ရှင်ရပ်တည်ရေး အတွက် တိရိစ္ဆာန် များကို လှီး သတ်နိုင်ခွင့်ကို ပြုထားသော်လည်း မေတ္တာမဲ့ ရက်စက်စွာ ညှင်းပန်းနှိပ်စက်ခြင်း မပြုရသော အဓိပ္ပါယ်ကို "ဇဗီဟာဟ်" ဆိုသည့် စကားက ပေးသည်။ "ဇဗီဟာဟ်" လည်ပင်းသွေးကြောကို လှီဖြတ်ခြင်းဖြင့် တိရိစ္ဆာန် တစ်ကောင် သည် လျှပ်တပြက် (အများဆုံး သုံး စက္ကန့်အတွင်းတွင်) အာရုံခံစားမှု ပြတ်တောက် သွားပေသည်။

ထိုလည်ပင်းသွေးပြန်ကြောမှ ပန်းထွက်သွားသော သွေးကြောင့် ခန္ဓာကိုယ်ထဲတွင် သွေးကြောများနှင့် အတူ ပြန့်နှံ့နေသာ ရောဂါပိုးမွှားများလည်း သွေးနှင့်အတူပါသွားသဖြင့် ကင်းသန့်သွားပေသည်။ သောပြန်ကြော သွေးအညစ်များကို စွန့်ထုန်ရာ၌ လည်း တုန္နိုင်းမှုအရှင်၏ နာမတော်ကို တိုင်တည်လျှက် လှီးဖြတ်ကြလော့ ဆိုသည်မှာ– တုန္နိုင်းမဲ့ အရှင်အား ယဇ်ပူဇော်ပသ ခြင်းမဟုတ်ပေ၊ လူသားတို့၏ စားသုံးခြင်းများကို သာမာအာဇီဝ ကျသောနည်းဖြင့် ရှာဖွေထားသော စားသုံးကုန်များ ဖြစ်ရ မည်ဟု သွန်သင်ခြင်း ဖြစ်ပေသည်၊ ခိုးရာပါ ပစ္စည်း၊ တိုက်ရာပါ ပစ္စည်းများကို မည်သို့နည်းနှင့်မှ ဘုရားတရားအား တိုင်တည် ၍ မဖြစ်နိုင်ချေ။ ထို့ကြောင့် အစားအသောက်နှင့် ဆိုင်သော ဥပဒေတိုင်းတွင် "သန့်ရှင်း စင်ကြယ်သော" နာမဝိသေသနကို တွဲ၍ ဖေါ်ပြထားသည်ကို တွေ့ရပေသည်။ "သန့်ရှင်း စင်ကြယ်သော" ဟုပြောဆိုသည့် "တွိုင်ယက်ဘ်" ရုပ်ပိုင်း၊ နာမ်ပိုင်း နှစ်မျိုးစလုံးကို စင်ကြယ်စေရာ၌ သုံးကြောင်း အာရ်ဗီစာကို ဖတ်ဘူးသူတိုင်း၊ ကျမ်းတော်ကို တစုံတရာ ဖတ်ဘူးသူတိုင်း သိပေသည်။ ထို့ကြောင့် တုန္နိုင်းမဲ့ အရှင်၏ နာမတော်ကို တိုင်တည်လျှက် ဆိုသော စကား၏ လေးနက်မှုကို "လည်ပင်း သွေး ကြောအား ဖတ်တောက်ရန် ရွတ်ဆိုသည့် ဂါထာ အဖြစ် မယူမှတ်အပ်ပေ။ သူတစ်ပါးပိုင် နွား တစ်ကောင်အား ခိုးယူလာ၍ ထို ဂါထာကို ရွတ်ဖတ်လျှက် လှီးဖြတ်လိုက်လျှင် စားသုံး၍ ပိုင်သည်ဟု အစ္စလာမ်သာသနာတော်က လုံးဝ သွန်သင်ခြင်း မရှိပေ။

ကုရ်အံကျမ်းတော်ပါ ဤမျှ အသေးစိတ် နားလည် နိုင်သော ဥပဒေများ စကားလုံးဝေါဟာရများကို မပြည့်မစုံ ဟု မည်သို့ စောဒကတက်နိုင်အံ့နည်း။

ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်းအင်းအိုင်အတွင်းရှိ တိရိစ္ဆာန်များ၊ ရေသတ္တဝါများနှင့် စပ်လျှဉ်း၍လည်း ကုရ်အံ ၁၆း ၁၄။ ၃၅း၁၂ တွင် ရေသတ္တဝါတို့အား လတ်ဆတ်သော၊ အဆိပ်အတောက် မဖြစ်စေနိုင်သော အရာများမှ လွဲ၍ စားသုံးပိုင်ခွင့်ရှိကြောင်း ဖေါ် ပြထားပေသည်။ ငါးသတ္တဝါများ– ရေသတ္တဝါများတွင် "မိဟာဒန်" ဟု ခေါ်သည့်၊ စီးဆင်းသော သွေး အားနည်းပေသည်။ ထို့ပြင် ငါး သို့မဟုတ် ရေသတ္တဝါ၏ သွေးများသည်။ ရေထဲတွင် အသက်ရှုနိုင်ရန်အတွက် တုန္နိုင်းမဲ့ အရှင်၏ ဖြစ်တည်စေမှု နိယာမ အရ ပါးဟက် သည် တည်ရှိနေပေသည်။ ထိုသတ္တဝါသည် ရေမရှိသော ကုန်းမြေပေါ်သို့ ရောက်လာသော အခါ၊ ခန္ဓာ ကိုယ်မှ သွေးအားလုံးမှာ ပါးဟက်တွင် စုစည်းသွား၍ ကိုယ်ခန္ဓာ၌ မကျန်ရှိတော့ပေ၊ သို့အတွက် ထိုသတ္တဝါအား

"ဇဗီဟာဟ်" လည်ပင်းမှ သွေးပြန်ကြောအား လှီးဖြတ်လျှက် ခန္ဓာကိုယ်မှ သွေးများကို ထုတ်ပစ်ရန် မလိုတော့ပေ၊ သို့အတွက် ရေသတ္တဝါ များကို "ဇဗီဟာဟ်" ပြုလုပ်ရန် လိုသည်ဟု ကျမ်းတော်၌ ဖော်ပြထားခြင်း မရှိပေ။ အသေကောင် ပုပ်သိုးလာလျှင် ရောဂါပိုး များ ကပ်ငြိလာမည် ဖြစ်၍လည်း **လတ်ဆတ်သော** အသားများကို စားသုံးကြပဟု ဖော်ပြထားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် စားသုံးခွင့်ပြုထားသည့် တိရိစ္ဆာန်မျိုးစိတ်များ။ စားသုံးခွင့် မရှိသော တိရိစ္ဆာန်မျိုးစိတ်များ။ သမာအာဇီဝ နည်းဖြင့် ရှာဖွေထားခြင်း မရှိသော အစားအစာဝတ္ထုများ။ လတ်လတ်ဆတ်ဆတ်ကိုသာ စားသုံးရမည်ဟူသည့် သွန်သင်ချက်များ စသည့်–

ကုရ်အံ၏ ဥပဒေများသည် ရှင်းလင်း တိကျ ပြတ်သားသော ဥပဒေများဖြစ်၍ နွားကျောင်းသားလေး တစ်ဦးမှ ဒသနပညာရှင် ကြီး တစ်ဦးအထိ လွယ်ကူရှင်းလင်းစွာ၊ အယူအဆမကွဲ တူညီစွာ သိမြင်နိုင်သော စနစ်ဖြင့် ဖော်ပြထားသည်ကို တွေ့ရပေသည်။

**<u>အမြဲတမ်း လတ်ဆတ် လန်းဆန်း အသက်ဝင်နေသောကျမ်း။</u>**

ကျမ်းတော်တွင် ကျမ်းတော်ပါ ဖော်ပြချက် နိယာမ ဥပဒေများကို အမည်နာမ နှစ်မျိုးဖြင့် ဖော်ပြထားပေသည်။ ၎င်းကို ၃း၇ တွင် မြင်ယုံ တွေ့ယုံဖြင့် ချက်ချင်းလက်ငင်း ကွင်းကွင်းကွက်ကွက် သိနိုင်သော ပင်မ အုတ်မြစ် နိယာမ "မုဟာကေမသ်" နှင့်၊ ထို ပင်မ နိယာမကို ဆင့်ကဲဆင့်ကဲ သိမြင်လာစေသော၊ တွေးလေနက်လေ၊ ခေတ်ရှေ့သို့ပြေးလေ ဦးဆောင်နေသော "မုတရှာဗီ ဟတ်" တို့ဖြစ်ပေသည်။ "မုတရှာဗီဟတ်" ခေတ်ရှေ့ဆောင် ပြည့်ွန်းချက် ဥပဒေဆိုသည်မှာ မူလပြဌာန်းထားသည့် ပင်မအုတ် မြစ် မိခင် ဥပဒေနိယာမများကို တွေးလေ မြင်လေ ဖြစ်သည့်အတွက်၊ တွေးတောစဉ်းစား ဗဟုသုတ ကျယ်လာလေလေ မြင် လေလေ သဘောကို ဆောင်ပေသည်။ ထိုဥပဒေများကို မြင်နိုင်ရန် ကျောင်းတော်ဂိုဏ်းစွဲ။ ဂိုဏ်းစွဲ။ မိရိုးဖလာ အယူစွဲ။ ဆရာသခင် တို့ ပြုစုကိုးကားနေသည့် ဂိုဏ်းကြောထောက်နောက်ခံ ပြုသည့် ကျမ်းစွဲများကို ဖြုတ်ပယ်လျှက်– ကျမ်းမြတ်ကုရ်အံကို ကျမ်းမြတ် ကုရ်အံအတိုင်းသာ လေ့လာသုံးသပ်၊ တွေးတောတတ်သူတို့ အဘို့သာ ဖြစ်ပေသည်။ ထိုအကြောင်းကို ကျမ်းတော် ၏ ၅၆း၇၉ တွင် "ဤကျမ်းသည် အဖြူထည်သက်သက် ဖြစ်သူတို့မှ အပ အခြား သူများအတွက် အာနိသင် ရှိမည် မဟုတ်၊" ဟု အတိအကျ ထောက်ပြထားပေသည်။

ဥပမာအားဖြင့်– ၅၅း ၃၇ မှ၊ ဂြိုလ်ကမ္ဘာတစ်ခု၏ နိဂုံးကို ပြောဆိုရာ၌ "ကောင်းကင်ယံသည် အက်ကွဲကြေမွလျှက်၊ နှင်းဆီနီကဲ့ သို့ ချင်းချင်းနီသွားသောအခါ၊" ဟူသော နိယာမ ဖော်ပြချက်သည်– ရိုးရိုးဖတ်နေသူအတွက်လည်း၊ တနေ့ ကမ္ဘာဖြစ်စေ ဂြိုလ် တစ်ခု ဖြစ်စေ ပေါက်ကွဲလျှင်၊ ပျက်လျှင် မီးလောင်သကဲ့သို့ ရဲရဲနီလောင်ကျွမ်းမှာပဲဟု သူ့အဓိပ္ပါယ်နှင့် နားလည်ပြီး ဖြစ်သည်။ ထိုအချင်းအရာကို ကျောင်းတော်ဝါဒက ဝင်ရောက်စွပ်ဖက်လျှက် ကျမ်းတော်ပါ နိယာမအား မိမိဥာဏ်မမှီသော စကားလုံးများ ဖြင့်– ငိုကာချဲ့လိုက်သောအခါ၊ "ကောင်းကင်သည် အက်ကွဲလျှက် သားရေပြားကြီး ဖြစ်သွားလိမ့်မည်" ဟု ဖြစ်လာပေတော့ သည်။

ရိုးရိုးအဖြူထည် အာရ်ဗီစာပေကို လေ့လာသူတိုင်းသည် ဤဝါကျတွင် ပါသော အာရ်ဗီဝေါဟာရ "ဝါရ်ဒါဟ်" ဆိုသည်မှာ နှင်းဆီနီ ကိုခေါ်ကြောင်း သိပေသည်။ သို့သော် ကုရ်အံကျမ်းတော်၏ နောက် နှစ်ပေါင်း ၇၀၀ ကျော် နောက်ကျမှ ပေါ်လာ သော ကမ္ဘာ့ ပထဦးဆုံး အိဗနိ ကစီရ်၏ တက်ဖ်စီရ် (အထကထာ)တွင်၊ "ဝါရ်ဒဟ်"ကို သားရေပြားဟု ဖွင့်ဆို၍၊ နောက်ပေါက် သူ့တပည့်များက ဆရာသခင်၏ ဖွင့်ဆိုချက်ကို ပြန်လည် မစီစစ်ရဲ၊ မစီစစ်ရဟူသည့် ဆရာတော် ပုံအပ်ဆည်းကပ်မှုဝါဒကြောင့် ကျမ်းတော်အား အဖြူထည်သက်သက် လေ့လာ ဆည်းပူးခြင်း အနုသုခများ ပျောက်ဆုံးလျှက်၊ ကျမ်းတော်၏ မူရင်းအနှစ်သာ ရ တင်ပြချက် နိယာမလည်းပျက်။ ကမောက်ကမ နိုင်သော အတွေးအခေါ်များကို ဖက်၍သာ နေရပေတော့သည်။

နောက်ဆုံးတွင် မည်သည့် ဂိုဏ်း ဂဏ ဝါဒကိုမှ လက်ကိုင်ထားခြင်း မရှိသော– အမေရိကန် အာကာသ သုတေသန အဖွဲ့မှ လွှတ်တင်လိုက်သော ဂြိုလ်တုကသာ ထိုကျောင်းတော်ဝါဒီများထက် ကျမ်းတော်၏ မူလ နိယာမ ကို ပြန်လည် တင်ပြနိုင်လေတော့၏။ ထိုဂြိုလ်တုမှ ရိုက်ယူရရှိသော ပျက်တော့မည့် ဂြိုလ်တစ်လုံး၏ ပုံမှာ အနီရောင်နှင်းဆီပွင့်ကို ဆီလူးထားသည့်အလား ဖြစ်ပေသည်။ ထို့ကြောင့် ၎င်းကို  Red Rose Nebular ဟု အမည်ကင်းပွန်းတပ် ခေါ်ပေသည်။

ဆိုလိုသည်မှာ ကျမ်းတော်သည် ထို Red Rose Nebular ကို အမည်တပ် မခေါ်မီ နှစ်ပေါင်း ၁၅၀၀ ကပင် ဂြိုလ်တစ်လုံး ပျက်သုံးတော့မည့် လက္ခဏာကို အတိအကျ ပြောထားခဲ့သည်။ သို့သော် ကျောင်းတော်ဝါဒက ထို နိယာမ ကို လမ်းကြောင်းလွှဲလျှက် အတွေးအခေါ်မှားများကို သွန်သင်သည်၊ ဟူသည့် အချက်ပင်။ တနည်းအားဖြင့် အမြဲ အသက်ဝင် ခေတ်ရှေ့ပြေးနေသော ကျမ်းတော်ပါ နိယာမများအား ကျောင်းတော်ဝါဒဖြင့် အသေသတ်ရန် ကြိုးစားနေခြင်းပင် ဖြစ်၏။

ထို ဥပဒေသ နိယာမ “ကောင်းကင်ယံသည် အက်ကွဲကြေမွလျှက်၊ နှင်းဆီနီကဲ့ သို့ ချင်းချင်းနီသွားသောအခါ၊” အား ကျမ်းတော်ပါ အတိုင်း ထားလိုက်လျှင်– သာမန် ၈တန်းကျောင်းသား ငယ်တစ်ယောက်မှသည် ဒသန ပညာရှင်ကြီး တစ်ဦး အထိ လွယ်ကူစွာ နားလည်နိုင်ပါလျှက်– ဆရာသခင်ကြီးများ ဝင်ရောက် စွပ်ဖက်လိုက်သော အခါမှ မည်သူမှ နားမလည်နိုင်သည့် နိယာမ ကြီး ဖြစ်သွားပေတော့သည်။

ကျမ်းတော်ပါ “မုတရှာဗီဟတ်” ဆိုသည်မှာ –ကျမ်းတော်ကို အဖြူထည်သက်သက် လက်ကိုင်ထားလျှက် ခေတ်နှင့် အညီ နားလည် သဘောပေါက်လာ ခြင်းကို ခေါ်ပေသည်။ နိယာမ တစ်ခုအား ဤသို့ဖြစ်၏။ ထိုသို့ဖြစ်၏ဟု အယူဝါဒမျိုးစုံတီထွင်လျှက်– စိတ်ကူးယဉ် သီအိုရီပေါင်းများကို ချရေးလျှက် သီအိုရီ ဝါဒီများ။ ဂိုဏ်းတော်ဝါဒီများ မွေးမြူလျှက် ဂိုဏ်းထောင်ခြင်းကို မဆိုလိုပေ။

## <u>တုန္နိုင်းမဲ့အရှင်၏ တမန်တော်</u>

မုဟမ္မဒ်သည် တုန္နိုင်းမဲ့ ကိုးကွယ်ရာ အရှင် (အလ္လာဟ်)က၊ ဝဟီ ဥဏ်စဉ် ချီးမြှင့်ပေးသော တမန်တော်ဖြစ်၏၊ မုဟမ္မဒ်ကိုယ်တိုင်သည်လည်း တုန္နိုင်းမဲ့ ကိုးကွယ်ရာ အရှင် (အလ္လဟ်)၏ ချမှတ်ပေးရာ ဝဟီ ဥဏ်စဉ်အတိုင်း ပြုမူနေထိုင် ကျင့်ကြံ အားထုတ် ပြုမူ ဆောင်ရွက်နေသော သူ  ဖြစ်၏။ ကျောင်းတော်ဝါဒ၊ မိရိုးဖလာ ဝါဒ ကို လိုက်နာဆောင်ရွက် အကောင်အထည်ဖေါ်နေသော သူ မဟုတ်ပေ။ မိရိုးဖလာ၌ နစ်မွန်းနေသော ဆရာတော်ကြီးများ၏ စိတ်ကူးယဉ် ပုံသွင်းနေသော တမန်တော်လည်း မဟုတ်ချေ။

လူသားသဘာဝအရ။ မုဟမ္မဒ်ကိုယ်တော်သည် သူ၏ ဝဟီဥဏ်စဉ် မရမှီကာလ နှစ်ပေါင်း လေးဆယ် အထိ၊ သူ့ပတ်ဝန်းကျင်၊ သူ့အသိုင်းအဝိုင်း၊ သူ့ မိသားစုအား မည်သို့ နေထိုင်ရမည်၊ မည်သို့ပြုမူ ကျင့်ကြံရမည် ဟု သွန်သင်ခဲ့မည်မှာ ငြင်းစရာ မရှိပေ၊ ထိုသို့ သွန်သင်ခြင်းသည် ကျွန်ုပ်တို့ မိသားစုမှ ဦးစီးဦးဆောင်တစ်ဦးက မိသားစုတွင်း သွန်သင်ခြင်းမျိုးသာ ဖြစ်၍၊ သာသနာရေးအရ သွန်သင်ခြင်း မဟုတ်ခဲ့ပေ။ တနည်းအားဖြင့် မုဟမ္မဒ်၏ ဘဝ သက်တမ်းတွင် အသက် လေးဆယ်အထိ၊ ရိုးသားသည်။ ဖြစ်စင်သည်။ ဖြောင့်မတ်သည်။ ကတိသစ္စာတည်ကြည်သည်။ စသည်ဖြင့် ဂုဏ်ပုဒ်သရဖူကို ဆောင်းခဲ့သည်ကား မှန်၏။ သို့သော် သူသည် ဝဟီဥဏ်စဉ်ရသော လူသား မဟုတ်သေး– သူ့မိရိုးယာဉ်ကျေးမှုထဲမှာ အာရဗ်တစ်ဦးမျှသာ ဖြစ်ခဲ့ပေသည်။

သူ၏အသက် လေးဆယ်၊ ဝဟီဥဏ်စဉ် ရပြီးသည့် နောက်ပိုင်းတွင်မှ မိသားစုအပါအဝင် လူသားအပေါင်းအား သာသနာရေးအရ သွန်သင်ခြင်းကို စတင်ခဲ့ပေသည်။ အသက်လေးဆယ်မှ ခြောက်ဆယ့် သုံးနှစ်အထိ ၂၃ နှစ်တာသော သူ၏ သွန်သင်မှု၊ ဆုံးမမှု၊ ပို့ချသင်ကြားပေးမှု၊ လက်တွေ့ကျင့်ကြံပြမှု တို့သည်သာ နောက်လိုက်များအတွက် အကြုံးဝင်ပေသည်။ ထို့ကြောင့်

ကုရ်အံ့ကျမ်းတော်၏ ဥပဒေပညတ်များတွင် သင်တို့သည် "အတိတ်မှ ဖြစ်ခဲ့သည့်မှအပ" ယခုမှ စ၍ နောင်တွင် မည်သို့နေထိုင်ရမည်၊ ကျင့်ကြံရမည်၊ ပြုမူဆက်ဆံရမည်၊ ဟူသော ဥပဒေများဖြင့် သွန်သင်ပေးသည်။

အစ္စလာမ်သာသနာဝင်များအတွက် စံနမူနာပြုရမည့် မုဟမ္မဒ်သည် အာရဗ် မုဟမ္မဒ် မဟုတ်ချေ။ ကိုယ်တော့် အပေါ်သို့ ငြိမ်းချမ်းမှု ခပါစေဟု မေတ္တာပို့အပ်သော ရစူလ်တမန်တော် မုဟမ္မဒ်သာလျှင် ဖြစ်ပေသည်။ ဤကိုယ်တော် မုဟမ္မဒ်၏ အသွင်ကို ဆင်ခြင်သုံးသပ်သော ဓလေ့ဖြင့်သာ စာဖတ်တတ်သော သူများ မြင်တတ်ရန် အရေးကြီးပေသည်။

**<u>တမန်တော်ဘဝ ကိုယ်တော်မုဟမ္မဒ်၏ ပြောဆို ကျင့်ကြံ နေထိုင် အားထုတ် သွန်သင် ပို့ချမှု</u>**

ကိုယ်တော်မုဟမ္မဒ်သည် ဝဟီဉာဏ်စဉ်မရမီ ငယ်ဘဝ ကာလမှ ဖြတ်သန်းခဲ့ရသည့် ဘဝ၊ အတ္ထုပ္ပတ္တိများ၊ ပြောဆို ကျင့်ကြံခဲ့ပုံကို ကုရ်အံကျမ်းတော်၌ လုံးဝ ဖေါ်ပြထားခြင်း မရှိပေ။ ကုရ်အံကျမ်းတော် တစ်အုပ်လုံးကို ဝဟီဉာဏ်စဉ်ဖြင့် ဆွတ်ခူးရရှိသော သူ၏ အမည်ကိုပင် ကျမ်းတော်၌ အမည်နာမအားဖြင့် လေးကြိမ်သာ ဖေါ်ပြ၍ သူ့အား ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှု မပြုစေရန် တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင် (အလ္လာဟ်) က အလွန်နစ်ကျစွာဖြင့် ကျမ်းတော်အား တည်ဆောက် ပေးထားပေသည်။

ကျမ်းတော်ပါ ဥပဒေများ၊ သွန်သင်မှုများကို ကြည့်လျှင် –ကိုယ်တော်မုဟမ္မဒ်၏ ရစူလ် (ဉာဏ်စဉ်ပြီး) ပထမ ဘဝ (၁၃) နှစ်တာ ကာလ– မက္ကာဟ်တွင် ချမှတ်ပြဋ္ဌာန်းပေးသည်များမှာ ယုံကြည်မှုဆိုင်ရာ တည်ဆောက်မှုများ ဖြစ်ပေသည်။ ရုပ်ပွားဆင်းတုများ ကိုးကွယ်သည့်၊ ဆရာသခင်များကိုးကွယ်သည့်၊ အာဏာရှင် စစ်မင်းကြီးများအောက်၌ ပြားပြား ဝပ်နေသည့်၊ ယုံကြည်မှု ဂိုဏ်း အမျိုးမျိုးကို ဖက်တွယ်လျှက် ပြည်တွင်းစစ် ဖြစ်နေသည့် အမှောင်စီး လူတန်းစား ပတ်ဝန်းကျင်ကြီးမှ မွေးဘွားကြီးပြင်းလာရ သည့် မုဟမ္မဒ်အား– တုနိူင်းမဲ့ ကိုးကွယ်ရာအရှင် (အလ္လာဟ်)သည်သာ ကိုးကွယ်ရာအရှင်၊ ထိုအရှင်သည် လူသား သတ္တဝါ စကြာဝဠာ အပေါင်းအား ဖြစ်တည်စေသောအရှင်၊ အရာခပ်သိမ်းကုန်တို့အား တစ်စစဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုပျိုးထောင် စီမံခန့်ခွဲ ထားသော နိယာမများကို ချမှတ်ပြဋ္ဌာန်းထားသော အရှင် ဖြစ်ကြောင်း ယုံကြည်ချက်ဆိုင်ရာ အုတ်မြစ်ကို အဆင့်ဆင့် ခိုင်မာ ရင့်ကျက်လာစေရန် ပညတ်ပြဋ္ဌာန်းပေးသော ဥပဒေများ သွန်သင်ချက်များ ဖြစ်ပေသည်။

ထိုပဒေများကို လက်တွေ့ကျင့်ကြံအားထုတ်ခြင်း၊ လူသားအပေါင်း၏ ဘုံ ကိုးကွယ်ရာ အရှင် တစ်ပါးတည်းသာ ရှိကြောင်းကို ဟောပြောပြခြင်းများကြောင့်– မူလ လက်ငုတ်လက်ရင်း အမြစ်တွယ်နေသော ကိုးကွယ်ခံလူတန်းစား၊ ဆရာသခင်ကြီးနေရာမှ စီးစည်ယစ်နေသော လူတန်းစား။ အာဏာပိုင်လူတန်းစား တို့သည် သူတို့၏ မိရိုးဖလာ အမြစ်တွယ်နေမှုကို စော်ကားသည် ဟု မြင်လာခြင်း။ သူတို့၏ ယစ်မူးနေသည့် ဌာနန္တရကို ထိပါးသည်ဟု မြင်လာခြင်းများကြောင့်– မုဟမ္မဒ်နှင့် လက်ရင်းသစ္စာခံ တပည့်များသည် အမိမြေ မက္ကာဟ်ကို စွန့်လျှက် လွတ်မြောက်ရာဒေသ မဒီနာသို့ တိမ်းရှောင်ခဲ့ရတော့သည်။

မက္ကာဟ်တွင် (၁၃)နှစ်ပြီးနောက် မဒီနာတွင် (၁၀)နှစ်၊ ကိုယ်တော်မုဟမ္မဒ် သက်တော် ၆၃ နှစ်မှ (၂၃)နှစ်တာကာလသည် သူ၏ ရစူလ် တမန်တော် သက်တမ်းကာလ ဖြစ်ပေသည်။ ယုံကြည်မှုဆိုင်ရာ အခြေခိုင်မာမှု ဥပဒေများ တည်ဆောက်ပြီးသော ကာလ မှ ရင့်ကျက်လာပြီဖြစ်သော ကာလ မဒီနာ ဥပဒေများသည် အသင်းအဖွဲ့၊ တိုင်းပြည်မြို့ပြ၊ ကိုယ်ပိုင်ဒေသနှင့် ပြည်ထောင်စု တည်ဆောက်မှုများ၊ ဥပဒေပြုစီရင်မှုများကို လူသားအပေါင်းတို့အတွက် နမူနာဖြစ်စေသော စံပြ နိယာမများကို စတင်ပြဋ္ဌာန်းပေးခဲ့ပေသည်။

ထိုသို့မက္ကာဟ်၊ မဒီနာ (၂၃)နှစ်အတွင်း အစ္စာလမ်သာသနာဝင်များ လိုက်နာရန်ပြဋ္ဌာန်းခဲ့သော ဥပဒေများ။ ယုံကြည်မှုဆိုင်ရာ သွန်သင်ချက်များသည်– ကိုယ်တော်မုဟမ္မဒ်၏ လူသားအတွေး စိတ်ကူး ဆန္ဒမဟုတ်ပေ။ သူသည် တုနိူင်းမဲ့ ကိုးကွယ်ရာ အရှင် က ချမှတ်ပြဋ္ဌာန်းထားသော လောကဓမ္မနိယာမအား ဝိဟီဉာဏ်စဉ်ဖြင့် ဆွတ်ခူးပန်ဆင်လျှက် ဆင့်ပြန်ပေးခြင်းသာ ဖြစ်ပေ သည်။ ၎င်းကို ကုရ်အံ၏ ၅၃း၃–၄တွင် အတိအကျ ပြောဆိုထားပေသည်။

**<u>ကုရ်အံအတိုင်းသာ ဘဝကို တည်ဆောက်သော မုဟမ္မဒ်</u>**

ဉပဒေကိုရေးဆွဲ၏။ ထို့နောက် ဉပဒေအထက်မှ နေ၏။ ဟူသော လူမျိုး၌ ကိုယ်တော်မုဟမ္မဒ် မပါဝင်ချေ။ သူသည်ကား ဉပဒေကို ရေးဆွဲသူမဟုတ်၊ စကြာဝဠာအနန္တအား စ–ဆုံး ဖြစ်တည်မှုကို ပြဌာန်းထားသည့် တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ လောက နိယာမ ဉပဒေသများကို သိခွင့်ရသည့် ဝဟီဉာဏ်စဉ်ကို ဆွတ်ခူး ပန်ဆင်ခွင့်ရသူ ဖြစ်သည့်အလျောက်– သူဆွတ်ခူး ပန်ဆင့်သည့် နိယာမ ဉပဒေသများကို လူသားအပေါင်အား တင်ပြသည်။ သူသည်လည်း လူသားထဲမှ လူဖြစ်၍ ထို နိယာမ ဉပဒေသအတိုင်း လက်တွေ့နေထိုင် ကျင့်သုံးပြခဲ့သည်။ သူဆွတ်ခူးသိခွင့်ရခဲ့သော နိယာမ ဉပဒေသအား အက္ခရာ ပေထက် တင်ထားခြင်းကို “ကုရ်အံစာအုပ်” ဟု ခေါ်တွင်၍၊ ထိုစာအုပ်အား လက်တွေ့အကောင်အထည်ဖေါ်ဆောင်ခြင်း “လူ–ကုရ်အံ၊ နှလုံးသား ကုရ်အံ၊ အသွေးအသား ကုရ်အံ”မှာ ရစူလ်တမန်တော် မုဟမ္မဒ် ဖြစ်ပေသည်။ အာရဗ် မုဟမ္မဒ် မဟုတ်ပေ။ တနည်း အားဖြင့် ရစူလ်တမန်တော် မုဟမ္မဒ်နှင့် စာပေအက္ခရာ ကျမ်းမြတ်ကုရ်အံသည်၊ ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့် ပန်းဖြစ်ပေသည်။

ဆိုလိုသည်မှာ ကိုယ်တော် မုဟမ္မဒ်သည် ကုရ်အံမှ အပသော မည်သည့်ဒေသနာ တရားတော်ကိုမှ လူသားအပေါင်းတို့ လိုက်နာကျင့်ဆောင်ရန် သွန်သင်ခြင်း။ ဟောပြောခြင်း။ နမူနာ လုပ်ဆောင်ပြခြင်း လုံးဝ မရှိချေ။

၎င်းကို ၇း၂၀၃ ၌– “ကျွန်ုပ်သည်၊ ကျွန်ုပ်၏ထံသို့ ကျွန်ုပ်၏ အရှင်ထံမှ ဉာဏ်စဉ် ဗျာဒိတ် အဖြစ် ချမှတ်ပေးသည့် ကုရ်အံ အတိုင်း သာ–၏၊သည်မလွဲ၊ တစ်သွေမတိမ်း လိုက်နာကျင့်သုံးသူ ဖြစ်၏၊ ကုရ်အံသည်သာလျှင် သင်တို့အား မွေးမြူဖန်ဆင်း တော်မူသော အရှင့်ထံမှ သက်သေလက္ခဏာဖြစ်၏။ ဤကုရ်အံသည်သာလျှင် ယုံကြည်သူများအတွက် ဘဝလမ်းညွှန်နှင့် ကရုဏာ တရားတော်ဖြစ်၏။” ဟု ဆိုထားပေသည်။

၅း၆၇ တွင်– အသင့်ထံသို့၊ အသင်၏ မွေးမြူဖန်ဆင်းတော်မူသော အရှင့်ထံမှ ဉာဏ်စဉ်ဗျာဒိတ်ဖြင့် ချမှတ်ပေးသော ကုရ်အံကို (လူသားတစ်ရပ်လုံးသို့) ပို့ဆောင်ပါလေ၊ အကယ်၍ သင်သည် ထိုကဲ့သို့ ပို့ဆောင်ခြင်း မရှိပါက၊ အသင်သည် တမန်တော် တစ်ဦး၏ တာဝန်ဝတ္တရားကို ကြေပြန်မည့်သူတစ်ဦး မဖြစ်နိုင်ချေ။ ဟု အတိအကျပြောထားပေသည်။

ထို့ကြောင့် ကိုယ်တော်မုဟမ္မဒ်၏ သွင်သင်ချက်အစစ်မှာ ကျမ်းမြတ်ကုရ်အံသာ ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အံထဲတွင် လူသား အပေါင်းအား အာရဗ်ယာဉ်ကျေးမှုအားလည်းကောင်း။ အိန္ဒိယယာဉ်ကျေးမှုအားလည်းကောင်း။ မည်သည့် လူမျိုးကို မဆို ကိုယ်စားပြုသည့် ရိုးရာ ယာဉ်ကျေးမှုများအား လိုက်နာကြရန်။ ဆရာသခင်ကြီးဝါဒများ– လူပုဂ္ဂိုလ် ဗဟိုပြု ဆည်းကပ်ကိုး ကိုးကွယ်ခြင်းများကို အလျဉ်း သွန်သင် ပြဌာန်းထားခြင်း မရှိချေ။

သို့ဖြစ်၍ ကျွန်ုပ်တို့ လက်ရှိ လက်ခံကျင့်သုံးနေသော– ဂိုဏ်းဂဏများ၊ အတုယူ ပုံစံပြုနေသည့် ဝတ်စားဆင်ယင်၊ တွေးခေါ် ကြံဆမှုအားလုံးကို ပြန်လည်သုံးသပ်ကြည့်လျှင်– ကုရ်၏ သွန်သင်ချက်မှ လာခဲ့သည် မဟုတ်ကြောင်းကို ထင်ရှား ရှင်းလင်းစွာ သိမြင်နိုင်ပေသည်။

**<u>ကိုယ်တော်မုဟမ္မဒ်၏ အမည်နာမအား အလွဲသုံးစား လုပ်လာခြင်း–</u>**

မည်သူသည် မည်သို့ ယုံကြည်စေ– သူ့၌ လွတ်လပ်ခွင့် အပြည့်ရှိပေသည်။ ကုရ်အံကျမ်းတော်ကလည်း လွတ်လပ်စွာ ယုံကြည် ခွင့်ကို၊ အပြည့်အဝ ထောက်ခံပေသည်။ သို့သော် သူသည် သီးခြားရပ်တည်မှု ရှိရပေမည်။ အစ္စလာမ်ဟု နာမည်ခံလျှက် ထီးရိပ်ခို နာမည် ဖျက်ခြင်းကိုကား သာသနာ့ အတွင်းရန်ဟု သတ်မှတ်ပေသည်။ အစ္စလာမ် အပါအဝင် မည်သည့် ဝါဒလမ်းစဉ် သည်မှ အတွင်းရန် သီလကြောင် (မိုနာဖက်) များကို လက်ခံခြင်း မရှိပေ။

ထို့ကြောင့်  ထီးရိပ်ခို နာမည်ဖျက်ခြင်း ဆိုသည့် သီလကြောင်များကို မည်သည့်ဝါဒလမ်းစဉ်အား လက်ကိုင်ထားသူ ဖြစ်စေ– ထိုသူသည် ထိုဝါဒလမ်းစဉ်အား အမှန်တကယ် မြတ်နိုးလျှင်၊ အမှန်တရားအား ဖေါ်ထုတ်ကျင့်ဆောင်လျှက်– သာသနာရန် စူး ညှော်ခလုတ်များကို သာသနာအတွင်း၊ ဝါဒလမ်းစဉ်၏ အတွင်းမှာ ဖယ်ထုတ်ရန် လိုပေသည်။ သူ့အား မုန်းတီးရန် မဟုတ်၊ သူ့အား မေတ္တာမဲ့ရန်မဟုတ်၊ သူ့ကြောင့် စွန်းထင်းလာမည့် အညစ်အကြေးများကို သန့်ပစ်ခြင်းသာ ဖြစ်ပေသည်။ ထိုသို့ အစ္စလာမ်သာသနာအား မူလပကတိအတိုင်း အဖြူထည်သက်သက် လိုက်နာလိုသူများ အနေဖြင့် အရေးတကြီး သိထားသင့် သည့်အချက်မှာ–

ကိုယ်တော်မုဟမ္မဒ်နှင့် ကုရ်အံသည် ခေါင်းနှင့် ပန်းကဲ့သို့ ခွဲခြား၍ မရဟူသည့် သီဝရီပေါ်၌ အမြတ်ထုတ်ချင်သော သာသနာ့ အတွင်းရန်သူများက– ကိုယ်တော်မုဟမ္မဒ်က ပြောခဲ့သည်ဟူ၍– သမိုင်းကျမ်းပေါင်းများစွာကို ဖန်တီးကာ ကုရ်အံကို ပြည်ဖုံး ကားချ မှေးမှိန်သွားစေရန် မနေမနား ကြိုးပမ်းအားထုတ်မှုများ – အစ္စလာမ် သမိုင်းတလျှောက်တွင် အတောမသတ် အစီအရီ ပေါ်ခဲ့ပေသည်။ ထို့ကြောင့် ဂိုဏ်းကွဲစနစ်ကို အားမပေးသော အစ္စလာမ် ထီးရိပ်အောက်တွင် ဂိုဏ်းဂဏများ များစွာ ပေါ်ပေါက် လာတော့သည်။

## <u>သမိုင်းကြောင်း ဗဟုသုတသည် မုန်းတီးစရာမဟုတ်</u>

သို့သော်– မည်သည့်ဝါဒ၊ မည်သည့်လမ်းစဉ်ကို မဆို အမှန်းတရားတည်းဟူသည့် ကြိုတင်ဆုံးဖြတ်သော စိတ်ွမနကြိဒေန ကို ပါယ်၍ သမိုင်းမှန်ကို လေ့လာရန် အရေးကြီးပေသည်။

သမိုင်းကို မသိရင် 'လူ အ' ဖြစ်သည်ဟု မြန်မာ့သမိုင်း ပါမောက္ခ ဒေါက်တာသန်းထွန်း၏ အဆိုအမိန့် တစ်ရပ်ရှိပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့်လည်း လူတုံး– လူ အ များ မဖြစ်စေရန် သမိုင်းကို သမိုင်းကဲ့သို့ မြင်တတ် စဉ်းစားတတ်ရန် အရေးကြီးပေသည်။

ဂိုဏ်းများကို မုန်းတီးရှုံ့ရှာခြင်း၊ သမိုင်းကျမ်းများကို အဖက်မတန်သဘောထားခြင်းဖြင့် ပစ်ပါယ်ထားပါက သမိုင်းကြောင်းကို သိနိုင်တော့မည် မဟုတ်ချေ။ ထိုအခါ မိမိကိုယ်တိုင် အမှန်ကို မသိဘဲ သူတစ်ပါး၏ ပြောသံဆိုသံကို လိုက်လျှက် အလျှင်စလို ဆုံးဖြတ်တတ်သော စရိုက်များ ကိန်းသက်လာနိုင်ပေသည်။

အစ္စလာမ့် အဆိုအမိန့်မှတ်တမ်းများ သို့မဟုတ် သမိုင်းကျမ်းဟု ခေါ်ဆိုနေသော ကျမ်းများတွင် သမိုင်းကြောင်း တစ်ခုတည်းကို သာ သန့်သန့်ထား တင်ပြသည့် ပုံစံမျိုး မဟုတ်ဘဲ– လိုက်နာအပ်သည်ဟု ပြဋ္ဌာန်းသော ကိုယ်ကျင့်တရား ဆိုင်ရာ ဥပဒေများ၊ သူ့ခေတ်သူ့အခါမှ လူသားများ နားလည်မှု လွယ်ကူစေရန် စာရေးဆရာတို့၏ ပညာအလျောက် အစာသွပ်ကြားညှပ်သော ပုံတိုပတ်စများ၊ ထိုရေးသားပြုစုသူ၏ စိတ်နေသဘောထား ခံစားမှုနောက်ခံ၊ ပတ်ဝန်းကျင်နှင့် ခေတ်ကာလ အခြေအနေများ၏ ဩဇာသက်ရောက်မှု၊ ဘက်ဆွဲသည်ဟု ထင်ရဘွယ်ရှိသည့် တင်ပြသူ၏ လူသားသဘာဝ အလျောက် အခြားသူများအပေါ် ထားသည့် စေတနာ၊ စသည့် ရောပြန်းမှုများစွာ ပါဝင်နေပေသည်။

သို့မှသာလျှင်– ဂိုဏ်းဂဏများ မည်သို့ ဖြစ်တည်လာသည်ကို သမိုင်းကြောင်း အရ သိရှိလာမည် ဖြစ်သည်။

**ဆက်လက် တင်ပြပါမည်။**

ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)